UNHCR
The UN Refugee Agency

# THAILAND

2 – 26 May 2017

# MEDIA MONITORING REPORT # 167

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

### <u>တနင်္သာရီဒေသရှိ ကလေး(၄၈၀၀)ကျော် မွေးစာရင်းလက်မှတ်ရရှိမည်</u>

Eleven Myanmar, 2 May 2017

တနင်္သာရီတိုင်းဒေသကြီးအစိုးရသည် နေပြည်တော်ရှိ ပြည်သူ့ကျန်းမာရေးဌာနအား ထိုင်းနိုင်ငံတွင် မွေးဖွားသည့်ကလေး (၄၈၀၀) ကျော်အတွက် မွေးစာရင်းထုတ်ပေးရန် တောင်းခံထားကြောင်း သိရသည်။

ရွှေ့ပြောင်းမိဘများသည် ထိုင်းနိုင်ငံတွင် ကလေးမွေးဖွားကာ ၎င်းတို့၏ကလေးများသည် အသက် ငါးနှစ်အောက်ရှိကြသည်။ မိဘများမှ ဌာနတွင် မွေးစာရင်းလက်မှတ်လက်ရောက်လျှောက်ထားကြသည်။

ဒေသကြီးကျန်းမာရေးဌာနဦးစီးမှူးဖြစ်သူ ဒေါက်တာကျော်ဇေယျက "ပုံမှန်အားဖြင့်ဆိုရင်တော့ သံရုံးကနေတဆင့် လျှောက်ရတာပါ ဒါပေမယ့် ဘယ်သူမှအဲ့လိုမလျှောက်ကြဘူး။ ကလေးတွေ သူတို့အခွင့်အရေးအပြည့်အဝရရှိဖို့အတွက် မွေးစာရင်းလက်မှတ်လိုအပ်ပါတယ်" ဟုပြောသည်။

ကလေးများမှာ ဒေသကြီးရှိ မြို့နယ်(၁၀)မြို့နယ်အတွင်းမှ ဖြစ်သည်။ လောင်းလွန်မြို့နယ်တွင် စုစုပေါင်း(၁၈၀၃)ဦးရှိသည်။

Link: http://www.elevenmyanmar.com/local/9163

### <u>လေးကေကော်မြို့သစ်အတွက် လျှပ်စစ်မီးမရရှိသေးခင် ဆိုလာစနစ်ဖြင့် တပ်ဆင်ပေးရန်ရှိ</u>

Karen News, 26 April 2017

ကရင်ပြည်နယ်၊ နယ်စပ်ရှိ လေးကေကော်မြို့သစ်အတွက် လျှပ်စစ်မီး မရရှိသေးခင်အချိန်အတွင်း ဆိုလာစနစ်(နေရောင်ခြည်သုံးစွမ်းအင်)ဖြင့် အိမ်တိုင်းတပ်ဆင်ပေးရန်ရှိသည်ဟု ကရင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က ကေအိုင်စီသို့ ပြောသည်။



လေးကေကော်မြို့သစ်သည် ကရင်ပြည်နယ်၊ မြဝတီမြို့၏တောင်ဘက် ၉ မိုင်ခန့်အကွာတွင် တည်ဆောက်ထားပြီး စစ်ဘေးရှောင် နေရပ်စွန့်ခွာခဲ့ကြသည့် ဒုက္ခသည်များနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး တပ်မိသားစုဝင်များအတွက် ကရင်ပြည်နယ်အစိုးရက ပြန်လည်နေရာချထားသည့် စီမံကိန်းဖြစ်သည်။

အဆိုပါမြို့သစ်စီမံကိန်းတွင် မြေနေရာသတ်မှတ်ပြီး လူနေအိမ်ခြေများ တည်ဆောက်ပြီးစီးသော်လည်း လျှပ်စစ်မီးမရရှိသည့်အတွက်ကြောင့် ပြန်လည်နေထိုင်ကြသည့် ဒုက္ခသည်များအတွက် လျှပ်စစ်မီးမရခင်စပ်ကြားတွင် ဆိုလာစနစ်ဖြင့် တပ်ဆင်ပေးရန် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ဂျပန်အဖွဲ့နှင့် ဆွေးနွေးတိုင်ပင်နေဆဲဖြစ်သည်ဟု လျှပ်စစ်နှင့် စက်မှုဝန်ကြီးဦးစိုးလှိုင်က ပြောသည်။

ဝန်ကြီးဦးစိုးလှိုင်က " ထိုင်းဘက်မှာရှိတဲ့ လျှပ်စစ်ကို ဝယ်ယူမယ်။ အခုလက်ရှိမှာတော့ ထိုင်းဘက်က စာချုပ်မူကြမ်းကို စောင့်နေပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနကနေပြီးတော့ လျှပ်စစ်မီးမရခင် လောလောဆယ် ဆိုလာနဲ့ သုံးလို့ရအောင် ဆွေးနွေးထားပါတယ်" ဟု ကေအိုင်စီသို့ပြောသည်။

ယခုနှစ် မတ်လအတွင်း လျှပ်စစ်မီးရရှိရန် ကြိုးပမ်းနေသည်ဟု ဖေဖော်ဝါရီလက ဝန်ကြီးဦးစိုးလှိုင်ကပြောဆိုထားသော်လည်း ယခုအချိန်ထိ လျှပ်စစ်မီးမရရှိသေးပေ။ လျှပ်စစ်မီးရရှိမည်ဆိုပါက ပြန်လည်နေထိုင်ကြသည့် ဒုက္ခသည်ပြည်သူများအတွက် အလုပ်အကိုင်နှင့်တပိုင်တနိုင်လုပ်ငန်းများ စတင်လုပ်ဆောင်မည်ဟု လေးကေကော်မြို့သစ်လူငယ်တာဝန်ခံ စောသန်းမြင့်အောင်က ကေအိုင်စီသို့ ပြောသည်။

" လျှပ်စစ်က အခုထိ မရရှိသေးဘူး။ ဒါပေမယ့် တာဝန်ရှိတဲ့လူတွေကတော့ ကြိုးစားနေတုန်းပဲလို့တော့ သိရတယ်။ ဆိုလာစနစ်ပေးဝေမယ့် ကိစ္စလည်း ကျွန်တော်တို့ မကြားမိသေးပါဘူး။ လျှပ်စစ်မီးရရင်တော့ အလုပ်အကိုင်တွေလည်း ရရှိလာလိမ့်မယ်လို့တော့ မျှော်လင့်တယ်" ဟု ပြောသည်။

အဆိုပါမြို့သစ်စီမံကိန်းသည် ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဒုက္ခသည်များနှင့် ကေအဲန်ယူအဖွဲ့ဝင် တပ်မိသားစုများပြန်လည် စုပေါင်းနေထိုင်သူဦးရေ(၃၂၀၀)ဦးရှိသည်ဟု လေးကေကော် ပြန်လည်နေရာချထားရေးကော်မတီအတွင်းရေးမှူး စောဌေးမြင့်အောင်၏ ပြောပြချက်အရ သိရသည်။ ၎င်းမြို့သစ်တွင် ပြန်လည်နေထိုင်သူများ၏ နေရေး၊ ထိုင်ရေး အဆင်ပြေကြသော်လည်း စားဝတ်နေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးနေဆဲဖြစ်ကြောင်း မြို့သစ်တွင် နေထိုင်သူများက ပြောသည်။

ယင်းလေးကေကော်မြို့သစ်စီမံကိန်းသည် ကေအဲန်ယူနှင့် ပြည်ထောင်စုအစိုးရတို့ ညှိနှိုင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ထားသည့် စီမံကိန်းဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ ဖွန်လအတွင်းက စတင်အကောင်အထည်ဖော်ဆောင်လာသည့် ၅နှစ် စီမံကိန်းဖြစ်သည်။ ထို စီမံကိန်းတွင် မြေဧကအားဖြင့် ၁၈၀၀ လျာထားကာ ၇၅၅ ဧကကို အရစ်ကျ အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။

ယခုအချိန်အတွင်း တန်ဖိုးနည်းအိမ်အလုံး(၆၅၀)ကို တည်ဆောက်ထားပြီး သတ်မှတ်ထားသည့် အိမ်အလုံး(၁၅၀၀)တည်ဆောက်ပြီးသွားပါက ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ ဖုတ်ဖရမြို့နယ်ရှိ အုန်းဖျန်ဒုက္ခသည်စခန်းမှ ဒုက္ခသည်များ ပြန်လာမည်ဟု လေးကေကော် ပြန်လည်နေရာချထားရေးကော်မတီတို့ထံမှ သိရသည်။

Link: http://karennews.org/2017/04/solar-power-system-set-to-light-up-lay-kay-kaws-new-town-project.html/

## လက်ရှိဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေးအတွက် ချေးငွေကျပ်(၂၀၀၀)ဘီလီယံချေးမည်

The Global New Light of Myanmar, 2 May 2017

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ယခုနှစ်တွင် လယ်သမားများအား စိုက်ပျိုးရေးအတွက် ချေးငွေကျပ် ၁၉၈၀ ဘီလီယံပေးရန် စီစဉ်နေကြောင်း သိရသည်။

ချေးငွေအား လယ်သမားများကို အတိုးနည်းနည်းဖြင့် ယခုလတွင် ပေးမည်ဖြစ်သည်။



ဝန်ကြီးဌာန၏ဆောင်ရွက်ပေးမှုအောက်၌ စပါးစိုက်ပျိုးသူများအား လယ်တစ်ဧကလျှင် ငွေ (၁၅၀၀၀)ကျပ် ၊ ကောက်ပဲသီးနှံစိုက်ပျိုးသူများအား တစ်ဧကလျှင်(၅၀၀၀၀)ကျပ် လက်ခံရရှိမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ လက်ထောက်အတွင်းရေးမှူးဖြစ်သူ ဦးမျိုးတင့်ထွန်းကပြောသည်။

၎င်းတို့၏ ချေးငွေစည်းကမ်းအရ ဝန်ကြီးဌာနမှ စပါးစိုက်ပျိုးမြေ ဆယ်ဧကအောက်လျော့နည်းသည့် လယ်သမားများအား မုတ်သုံရာသီအတွက် စိုက်ပျိုးချေးငွေကို ခွင့်ပြုပေးခဲ့သည်။ မုတ်သုံရာသီစိုက်ပျိုးရန်အတွက် ယခင်နှစ် ဘဏ္ဍာနှစ်က အတိုးနှုန်း ၈ ရာခိုင်နှုန်းဖြင့် စုစုပေါင်းချေးငွေကျပ် ၁၄၀၀ ဘီလီယံကို စိုက်ပျိုးထွန်ယက်သူများအားချေးပေးခဲ့သည်။

ယခုနှစ်တွင် စပါးစိုက်ပျိုးသူများတွက် ပစ်မှတ်ထားသည့်အမြတ်နှင့်ကိုက်ညီရန် အခက်အခဲရှိခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဇွန်၊ ဇူလိုင်နှင့်ဩဂုတ်လများတွင် ရာသီဥတုမမှန်သောကြောင့်ဖြစ်သည်။ ဆန်စျေးကျဆင်းခြင်းသည် ပြည်တွင်းထုတ်လုပ်သူများအပေါ် ဆိုးရွားစွာ ထိခိုက်ခဲ့သည်။ ထို့ကြောင့် သဘာဝဘေးရိုက်ခတ်မှုကြောင့် သတ်မှတ်ထားသည့်ကာလအတွင်း အစိုးရထံ ချေးငွေပြန်လည်ပေးသွင်းရန် အခက်အခဲရှိသူများကို ငွေပေးသွင်းရန်ကာလ တိုးပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ကြေငြာခဲ့သည်။ စပါးတင်း(၁၀၀)လျှင် နှစ်စဉ် စျေးနှုန်းမှာ ပုံမှန်အားဖြင့် ကျပ် ၄သိန်းမှ ၆ သိန်းအတွင်းရှိသည်။ ယခုနှစ်တွင်မူ စျေးမှာ ၃ သိန်း ၅ သောင်းထိကျဆင်းသွားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ၎င်း၏ ၅ နှစ်တာ ဖွံ့ဖြိုးရေးစီမံကိန်းအောက်၌ နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းကို တိုးမြှင့်ရန် လုပ်ဆောင်နေသည်။ စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ အသေးစား၊အလတ်စားစိုက်ပျိုးရေးလုပ်ငန်းများ၌ လယ်သမားများကို ပါဝင်စေခြင်းအားဖြင့် ကျေးလက်စီးပွားရေးအခြေအနေ တိုးတက်စေရန် ရည်ရွယ်သည်။

Link: http://www.globalnewlightofmyanmar.com/about-ks2000-billion-agricultural-loans-to-be-lent-in-current-fy/

## ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) ဖြတ်သန်းသွားလာနိုင်ပြီ

Mon News Agency, 29 April 2017

သံလွင်တံတား(ချောင်းဆုံ)စီမံကိန်းနာမည်ဖြင့် တည်ဆောက်ခဲ့သည့် တံတားအား ယနေ့ ဧပြီလ ၂၇ ရက်နေ့ နံနက်စောစောပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)ဟု အမည်ပြောင်းလဲဆိုင်းဘုတ်တင်ပြီးနောက် နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင် စတင်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)အား ဧပြီလ ၂၆ ရက်နေ့တွင် ကုန်တင်ကားကြီးများအားဖြင့် တံတားခံနိုင်ဝန် စမ်းသပ်ခဲ့ပြီးနောက် ဧပြီလ ၂၇ ရက်နေ့မှ မေလ ၆ ရက်နေ့အထိ နံနက် ၅ နာရီမှ ည ၁၀ နာရီအထိ တံတားပေါ် ယာယီဖြတ်သန်းခွင့်ပြုသွားမည်ဟု တံတားတည်ဆောက်ရေးအမှတ်(၄)မှ ညွှန်ကြားရေးမှူး ဦးသိန်းမြင့်မွန်က ပြောသည်။

ဦးသိန်းမြင့်မွန်က “ အခုကတော့ စမ်းသပ်ကာလမှာ ဖြတ်ခိုင်းတာလေ၊ ဒါ ဝန်စမ်းသပ်တဲ့ကာလလေ၊ ပထမရက်မှာ ကားကြီးနဲ့ စမ်းသပ်တယ်၊ အခုလူတွေနဲ့ တကယ်သွားလာစမ်းသပ်ကာလပေါ့နော်၊ တံတားဖွင့်ပြီးမှပဲ အများပြည်သူ အသုံးပြုသွားမှာလေ” ဟု ပြောသည်။

သို့ရာတွင် မည်သည့်နေ့ရက်တွင် မည်ကဲ့သို့တံတားဖွင့်ပွဲအခမ်းအနားကျင်းပမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဘီလူးကျွန်းဒေသခံ ဦးခိုင်မာ က “ ကျွန်တော်တို့ အင်မတန်ချစ်ခင်လေးစားရတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို တံတားအမည်တပ်ကာ မကောင်းဘူးပေါ့နော်၊ ဒါက ဒေသခံတွေအများစု ခံစားရတဲ့ ခံစားချက်ပေါ့၊ နောက်ဒေသခံတွေ ဆန္ဒထုတ်ဖော်နေရင်းနဲ့ အခုလိုလုပ်သွားတာကတော့ ဒေသခံတွေရဲ့ ဆန္ဒကို လစ်လျူတဲ့ သဘောသက်ရောက်နေတယ် ” ဟုပြောသည်။

အဆိုပါတံတားအား ယခင်သံလွင်တံတား(ချောင်းဆုံ)အမည်နာမဖြင့် ပြန်လည်သတ်မှတ်ပေးရန် ဒေသခံများက ဆန္ဒပြုလက်မှတ်ရေးထိုးလျှက်ရှိရာ ယနေ့တွင် လက်မှတ် ၁ သိန်း ၂ သောင်းကျော်ရရှိခဲ့ပြီး ယင်းလက်မှတ်များကို တိုင်းရင်းသားရေးရာဝန်ကြီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ပေးပို့သွားမည်ဟု သိရသည်။

အလားတူ ဧပြီလ ၂၄ ရက်နေ့ ရက်စွဲဖြင့် သံလွင်တံတား(ချောင်းဆုံ)ဆိုင်ရာ လူထုလှုပ်ရှားမှုကော်မတီက နိုင်ငံတကာအသိုင်းအဝိုင်းသို့ မွန်တိုင်းရင်းသားတို့၏ တောင်းဆိုချက် ၃ ချက်ကို အိတ်ဖွင့်စာပေးပို့ တောင်းဆိုထားခဲ့သည်။

အဆိုပါတံတားသည် အရှည် ၁၇၅၉ ပေ ၊ အကျယ် ၆၄ ပေ ၊ မုပ္ပွန်ချဉ်ကပ်တံတား ၆၈၉ ပေ နှင့် ကညော်ချဉ်းကပ်တံတား ၂၇၅၆ ပေရှိပြီး သမ္မတဦးသိန်းစိန်လက်ထက်က သံလွင်တံတား(ချောင်းဆုံ)စီမံကိန်းအမည်မှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့၌ စတင်ပန္နက်ချတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားပြီးစီးသည့် NLD အစိုးရလက်ထက်တွင် ဗိုလ်ချုပ်အောင်ဆန်းတံတားဟု တံတားအမည်ပြောင်းလိုက်ခြင်းဖြစ်သည်။

Link: https://monnews.org/2017/04/28/after-months-of-controversy-general-aung-san-bridge-quietly-opens/

## ဒစ်ဂျစ်တယ်အခြေပြု ကျောင်းပြင်ပ ပညာရေးစီမံကိန်း ဘုန်းတော်ကြီးကျောင်းပေါင်း (၁၂၀)တွင် အကောင်အထည်ဖော်မည်

Myanmar Times, 3 May 2017

ဒစ်ဂျစ်တယ်အခြေပြု ကျောင်းပြင်ပ ပညာရေးစီမံကိန်းကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၂၀ တွင် ယခုနှစ်မှ စတင်ပြီး သုံးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘုန်းတော်ကြီးသင် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဦးနာယက ကမိန့်သည်။

အဆိုပါစီမံကိန်းကို ၂၀၁၇-၁၉ သုံးနှစ် စီမံကိန်းအဖြစ် တစ်နှစ်လျှင် ကျောင်းပေါင်း ၄၀ နှုန်းတွင် ချိတ်ဆက်သင်ကြားနိုင်ရန် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် တယ်လီနောမြန်မာလီမိတက်တို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်သည်။

" စတူဒီယိုခန်းနဲ့ချိတ်ဆက်ထားတဲ့ ကျောင်းတွေကို တိုက်ရိုက်စာသင်လို့ရမှာဖြစ်တယ်။ မေးချင်တာတွေကလည်း အွန်လိုင်းကနေတဆင့်မေးလို့ရမှာ ဖြစ်သလို ပြန်လည်းဖြေပေးနိုင်မယ့် သင်ကြားနည်းစနစ်ဖြစ်တယ် ” ဟု ဒစ်ဂျစ်တယ်အခြေပြု ကျောင်းပြင်ပ ပညာရေးစီမံကိန်းနှင့်ပတ်သတ်ပြီး ဆရာတော်ဦးနာယက ကမိန့်သည်။

သင်ခန်းစာများကို အင်တာနက်ကွန်ရက်ဖြင့် တိုက်ရိုက်ထုတ်လွှင့်သင်ကြားမည်ဖြစ်ပြီး သင်ခန်းစာများ ထုတ်လွှင့်သင်ကြားမည့် စတူဒီယိုခန်းကို မန္တလေးတိုင်း ဒေသကြီးရှိ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ အစိုးရသင်ရိုးညွှန်းတမ်းများကိုသာ သင်ကြားပေးမည်ဖြစ်ပြီး သင်ခန်းစာများကို တစ်နေ့လျှင် နှစ်နာရီနှုန်းဖြင့် တစ်ပတ်လျှင် ခြောက်ရက်သင်ကြားမည်ဖြစ်ကြောင်း ၊ ကျောင်းသားများအနေဖြင့် အခြေခံပညာသင်ရိုးများ ပြီးမြောက်သည်အထိ သင်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စတူဒီယိုခန်းအတွင်းမှတဆင့် သင်ကြားပေးမည့်ဆရာ၊ ဆရာမလေးဦးနှင့် မန်နေဂျာလေးဦးရှိပြီး အဆိုပါစီမံကိန်း၏ အကောင်အထည်ဖော်မှုမှတဆင့် ယခုနှစ်မကုန်မီကာလအတွင်း ကလေးငယ်ပေါင်း ၁၀၀၀ ကို အကျိုးရလဒ်ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

“ရင်းနှီးမြှုပ်နှံမှုအတွက် ပစ္စည်းခတွေကုန်ပေမယ့် အားသာချက်က လူအများကြီးကို တချိန်တည်းမှာ စာသင်ကြားပေးနိုင်မယ်” ဟု ဆရာတော်ဦးနာယက က မိန့်ကြားသည်။

အဆိုပါစီမံကိန်းအတွက် ရှေ့ပြေးအစီအစဉ်ကို ဘုန်းတော်ကြီးသင် ကျောင်း ၅ကျောင်းတွင် လွန်ခဲ့သည့် ၅ လကတည်းက စမ်းသပ်လုပ်ဆောင်လျှက်ရှိပြီး ယခုနှစ် ဩဂုတ်လတွင် ကျောင်းပေါင်း(၂၀)အထိ ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ရခိုင် ၊ မွန် ၊ ကချင်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီ ၊ တပ်ကုန်း ၊ မန္တလေး ၊ မကွေး ၊ စစ်ကိုင်း ၊ ဧရာဝတီတိုင်းဒေသကြီး စသည်တို့ရှိ ဘုန်းတော်ကြီးသင် ကျောင်းပေါင်း ၄၀ အထိ တိုးချဲ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

“ ဒီစီမံကိန်းဟာ ကလေးတွေရဲ့ အနာဂတ်နဲ့ သူတို့ရဲ့ လူမှုဘဝအခြေအနေတွေကို ပြောင်းလဲသွားအောင် ဆက်သွယ်ရေးကောင်းမွန်မှုအပေါ် အကျိုးရှိစွာ အသုံးချခြင်းဖြစ်တယ်” ဟု တယ်လီနောမြန်မာမှ ဦးမင်းသူက ပြောသည်။

Link: http://www.mmtimes.com/index.php/national-news/yangon/25828-learning-access-through-digital-education-project-implemented.html

## ကျေးလက်ဒေသများတွင် လျှပ်စစ်မီးပေးနိုင်ရန်အတွက် ငွေကျပ်(၅၈)ဘီလီယံကျော်သုံးမည်

The Global New Light of Myanmar, 4 May 2017

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ(၁၂၃၃)ရွာအား လျှပ်စစ်မီးပေးနိုင်ရန်အတွက် ငွေကျပ်(၅၈)ဘီလီယံကျော် အသုံးပြုမည်ဖြစ်ကြောင်း ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးခန့်ဇော်ကပြောသည်။

ကျေးရွာများသို့ လျှပ်စစ်မီးပေးရန်အတွက် အစိုးရမှ ငွေကျပ်(၁၁.၀၆) ကျပ်ပံ့ပိုးပေးမည်ဖြစ်ပြီး ကျန်ရှိသည့်ပမာဏ(၄၇.၇၆)ကို ကမ္ဘာ့ဘဏ်က ပေးမည်ဖြစ်သည်။ လျှပ်စစ်မီးပေးရေးစီမံကိန်းကို ၂၀၁၈ ဇွန်လတွင် အပြီးသတ်နိုင်ရန် မျှော်မှန်းထားသည်။

“ ဖြစ်နိုင်ရင် စီမံကိန်း မြန်မြန်စနိုင်လေ ကောင်းလေပေါ့။ ၂၀၁၇ ၊ ဖေဖော်ဝါရီမှာ ကျွန်တော်တို့ တင်ဒါရှင်တွေကို စတင်ဖိတ်ကြားခဲ့ပါတယ်။ တင်ဒါကို ၂၇ ရက်နေ့၊ ဧပြီလမှာဖွင့်ပါတယ်။ အခုကျွန်တော်တို့ ရွေးချယ်ထားတဲ့ ကုမ္ပဏီနဲ့ စာချုပ်ချုပ်ဖို့ စီစဉ်နေပါတယ်။ အောက်တိုဘာမှာ စတင်မတပ်ဆင်ခင် နမူနာကို ကျွန်တော်တို့ စတင်စစ်ဆေးနေပါတယ် ” ဟု ဦးခန့်ဇော်က ပြောသည်။

မြို့နယ်(၁၂၇)မြို့နယ်တွင်ရှိသော ကျေးရွာ(၁၂၉၈)ရွာရှိ အိမ်ခြေ(၉၅၆၃၉)အိမ်ကို နေအိမ်ဆိုလာလျှပ်စစ်စနစ်ပေးမည်ဖြစ်ပြီး အသေးစား လျှပ်စစ်ပါဝါလိုင်းကို ကျေးရွာ(၃၄)ရွာရှိ အိမ်ခြေ(၅၁၈၄)အိမ်ကို တပ်ဆင်ပေးမည်ဖြစ်သည်။

ဌာနအနေဖြင့် ပြည်သူပိုင်အဆောက်အဦးများဖြစ်သော စာသင်ကျောင်းများ ၊ ကျန်းမာရေးစောင့်ရှောက်မှုစင်တာများ ၊ ဘာသာရေးအဆောက်အအုံများနှင့် လမ်းမီးတိုင်များတွင်လည်း လျှပ်စစ်မီးပေးမည်ဖြစ်သည်။

Link: https://issuu.com/myanmarnewspaper/docs/4_may_17_gnlm

## စိုက်ပျိုးရေးဝန်ဆောင်မှုစင်တာများအား လေးနှစ်အတွင်း (၃၃)နေရာတွင် တည်ဆောက်ပေးမည်

The Global New Light of Myanmar, 4 May 2017



စိုက်ပျိုးရေးဝန်ဆောင်မှုစင်တာများအား ပြည်နယ်နှင့် တိုင်းများရှိ နေရာ(၃၃)ခုတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆန်စပါးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

စိုက်ပျိုးရေးဝန်ဆောင်မှုစင်တာများတည်ဆောက်မည့် ရည်ရွယ်ချက်မှာ ဒေသခံလယ်သမားများအား ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်နှင့် စိုက်ပျိုးရေးကဏ္ဍနှင့် ဆန်စပါးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည်။

“နေရာ(၉၃)ခုမှာ စီမံကိန်းအကောင်အထည်ဖော်နိုင်ဖို့အတွက် ပုဂ္ဂလိက ကုမ္ပဏီတွေက ချေးငွေပေးဖို့ ကျွန်တော်တို့ မေတ္တာရပ်ခံထား

ပါတယ် ”ဟု မြန်မာ့ဆန်စပါးအဖွဲ့မှ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးရဲမင်းအောင်က ပြောသည်။

စိုက်ပျိုးရေးဝန်ဆောင်မှုစင်တာများမှ ဒေသခံလယ်သမားများကို မျိုးစေ့များ ဖြန့်ဖြူးပေးမည်ဖြစ်ပြီး ကောက်ပဲသီးနှံ သိမ်းဆည်းရန်အတွက် ဂိုဒေါင်များတည် ဆောက်ပေးခြင်းနှင့် စပါးမရိတ်သိမ်းမီ- ရိတ်သိမ်းပြီးနောက် ဆန်အား အခြောက်လှည့်သည့်စက်များ ပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးစက်များ၊ ထွန်စက်များ ၊ စပါးရိတ်သိမ်းသည့်စက်များနှင့် စပါးလှေ့သည့် စက်များပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးစနစ်အကောင်အထည်အဖော်ပေးခြင်း၊ မြေသြဇာဖြန့်ဖြူးရောင်းချပေးခြင်း၊ စပါးခွံချွတ်ခြင်းအတွက် မီးအားမြှင့်စက်ပေးခြင်း စသည်ဖြင့် ပံ့ပိုးပေးသည်။ စိုက်ပျိုးရေးဝန်ဆောင်မှုစင်တာများအား တင်ဒါဖွင့်စနစ်ဖြင့်ထားရှိမည်ဖြစ်သည်။ စီမံကိန်း ခန့်မှန်းခြေကုန်ကျငွေမှာ ယူအက်စ်ဒေါ်လာ(၁၂.၁၄၈)သန်းဖြစ်သည်။ စုစုပေါင်း စီမံကိန်း(၃၃)ခု ကုန်ကျငွေမှာ ယူအက်စ်ဒေါ်လာ(၄၀၀.၈၈၄)သန်းဖြစ်သည်။

Link: https://issuu.com/myanmarnewspaper/docs/4_may_17_gnlm

## သထုံရှိ လျှပ်စစ်မီးစီမံကိန်းအား ၂၀၁၈ ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်မည်

The Global New Light of Myanmar, 9 May 2017

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်၌ မြန်မာ့လျှပ်စစ်ပါဝါကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ လျှပ်စစ်ပါဝါစီမံကိန်းအား ၂၀၁၈ ခုနှစ်အစောပိုင်းတွင် အပြီးသတ်လုပ်ဆောင်နိုင် မျှော်မှန်းထားကြောင်း စီမံကိန်းမန်နေဂျာက ပြောသည်။

ဆောက်လုပ်ရေးလုပ်ငန်းပိုင်းသည် ပြီးစီးလုနီးဖြစ်နေပြီဖြစ်ကြောင်း၊ သထုံဓာတ်ငွေ့လိုင်းမှ အင်ဂျင်နီယာဦးစီးမှူးဖြစ်သူ ဦးကျော်သက်က ပြောသည်။ စီမံကိန်းအကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် သဘာဝပတ်ဝန်းကျင်နှင့် စနစ်တကျစီမံခန့်ခွဲရေးအောက်တွင်သာ အဆင့်အတန်းနှင့်အညီ ဆောင်ရွက်နေကြောင်းပြောသည်။

လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်စွက်နိုင်ရန်အတွက် စီမံကိန်းအကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်မှ ချေးငွေ ယူအက်စ်ဒေါ်လာသန်း(၁၄၀)ကို အစိုးရမှ လက်ခံရရှိသည်။ စီမံကိန်းပြီးစီးပါက စက်ရုံသစ်သည် လျှပ်စစ်မီဂါဝပ်(၁၀၀)ကျော်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သထုံမြို့တွင် တည်ရှိသည့် တည်ဆောက်နေသော ဂတ်စ်လိုင်းလျှပ်စစ်ပါဝါစက်ရုံသည် စီမံကိန်း၏ ဦးဆုံးအစိတ်အပိုင်းဖြစ်သည်။

စီမံကိန်းတွင် စက်ရုံအတွက် ပတ်ဝန်းကျင်ထိခိုက်ခြင်းကို လျော့ချပေးမည့် စွန့်ပစ်ရေပြန်လည်သန့်စင်သည့် စီမံခန့်ခွဲမှု စီမံကိန်းတစ်ရပ်ပါဝင်ကြောင်း စီမံကိန်းအင်ဂျင်နီယာတစ်ဦးကပြောသည်။

Link: https://issuu.com/myanmarnewspaper/docs/9_may_17_gnlm

## ကရင်ပြည်နယ်တွင် မုတ်သုံရာသီ သီးနှံ(၅)မျိုး စိုက်ပျိုးမည်

Myanmar Times, 11 May 2017

ကရင်ပြည်နယ်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်စေရန်အတွက် ပြည်နယ်တွင် ခန့်မှန်းခြေအားဖြင့် မုတ်သုံရာသီကောက်ပဲသီးနှံ (၅)မျိုး စိုက်ပျိုးမည်ဟု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးရေးစီမံကိန်းခန့်မှန်းချက်များအရ သိရသည်။

ပြည်နယ်စိုက်ပျိုးရေးရုံးမှ မုတ်သုံရာသီ သီးနှံ(၅)မျိုးကို ဘားအံ ၊ လှိုင်းဘွဲ့ ၊ သံတောင်ကြီး ၊ ဖာပွန် ၊ ကော့ကရိတ် ၊ ကြာအင်းဆိပ်ကြီး နှင့် မြဝတီ စသည့် မြို့နယ်များတွင် စိုက်ပျိုးမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။

လယ်သမားများမှ အရည်အသွေးကောင်းမွန်သည့် ကောက်ပဲသီးနှံများထုတ်လုပ်နိုင်စေရန်နှင့် ဓာတ်မြေသြဇာကိုမည်ကဲ့သို့ စနစ်တကျအသုံးချနိုင်စေရန်အတွက် ပညာပေးသင်တန်းများပေးသွားမည်ဖြစ်သည်ဟု ကရင်ပြည်နယ်စိုက်ပျိုးရေးဖွံ့ဖြိုးရေးဌာနမှ ဦးစီးမှူးဖြစ်သူ ဦးဝင်းလှိုင်ဦးကပြောသည်။

“အရည်အသွေးပြည့်မီတဲ့ ကောက်ပဲသီးနှံကောင်းတွေ ထုတ်လုပ်ဖို့အတွက် လယ်သမားတွေအနေနဲ့ ဓာတ်မြေသြဇာကို မှန်ကန်တဲ့ နည်းလမ်းနဲ့ အသုံးပြုတတ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ပြည်နယ်အဆင့်မှာသာမက ခရိုင်နဲ့မြို့နယ်အဆင့်တွေမှာပါ သူတို့ကို နည်းပညာနဲ့ပတ်သတ်ပြီး ပညာပေးသွားမှာပါ။ မိုးရာသီမှာ မုတ်သုံစပါး ၊ ပြောင်းဖူး၊ ပြောင်း၊ မုတ်သုံရာသီမြေပဲနဲ့ နှမ်းတို့ကို အဓိကစိုက်ပျိုးမှာပါ ”ဟု ၎င်းက Myanmar Times သို့ပြောသည်။

လာမည့် မိုးရာသီတွင် ခရိုင်(၇)ခု၌ မိုးစပါးစိုက်ပျိုးမည့် ခန့်မှန်းခြေပမာဏမှာ (၄၃၄, ၉၀၀)ဧကရှိပြီး ထုတ်လုပ်မှုနှုန်းမှာ (၃၀, ၅၅၅, ၈၁၉)တင်းရှိပြီး၊ ပြောင်း(၅၁,၁၀၀)ဧကတွင် (၄,၅၄၂,၇၉၀)တင်း၊ ပြောင်းဖူး(၂၇၀၀)ဧကတွင် ထုတ်လုပ်မှုနှုန်း(၂၄,၅၇၀,၀၀၀)တင်း ၊ မုတ်သုံမြေပဲ(၅၅၀၀)ဧကတွင် ထုတ်လုပ်မှုနှုန်း(၂၃၃,၇၅၀)တင်းနှင့် နှမ်း(၃၅၀၀)ဧကတွင် ထုတ်လုပ်မှုနှုန်း(၃၇,၈၀၀)တင်းရှိကြောင်း သိရသည်။

Link: http://www.mmtimes.com/index.php/national-news/mandalay-upper-myanmar/25934-5-kinds-of-monsoon-crops-to-be-planted-in-kayin-state.html

## ဆေးရုံ (၉၈) ရုံတွင် ကာကွယ်ဆေးထိုးဆေးခန်းများ ဖွင့်လှစ်မည်

Myanmar Times, 8 May 2017

ရွှေ့ပြောင်းကလေးငယ်များအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေး အပြည့်အဝမရရှိသည့် ကလေးငယ်များ ကာကွယ်ဆေးအားလုံး လက်လှမ်းမီရရှိစေရန် ကာကွယ်ဆေးထိုးနှံမည့် နေရာများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာထားထားလင်းက ပြောသည်။




ကလေးများပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်ကို ဒေသန္တရနှင့် မြို့နယ်ကျန်းမာရေးဌာနများ ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် အချို့သော ဆေးရုံကြီးများတွင် ဆောင်ရွက်နေပြီး လူထုအနေဖြင့် ပိုမိုလက်လှမ်းမီစေရန် ယခုအခါ ခုတင် ၁၀၀ နှင့်အထက် ဆေးရုံကြီးများတွင်လည်း ကာကွယ်ဆေးထိုး ဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

မေလမှစတင်ကာ ဆေးရုံပေါင်း(၉၈)ရုံတွင် ကာကွယ်ဆေးထိုးဆေးခန်းများ ဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး လူထုအခြေပြုဆေးခန်းများတွင်လည်း ကာကွယ်ဆေးထိုး စုရပ်များ သီးခြားဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

လာမည့် သုံးနှစ်အတွက် ကလေးများ ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ်သုံးမျိုး ထည့်သွင်းနိုင်ရန်ကြိုးပမ်းနေပြီး ၂၀၁၈ ခုနှစ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ၊ ၂၀၁၉ ခုနှစ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးနှင့် ၂၀၂၀ တွင် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးကို ထည့်သွင်းနိုင်ရန် စီစဉ်နေကြောင်း ဒေါက်တာထားထားလင်းက ပြောသည်။

တနိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကာကွယ်ဆေးလွှမ်းခြုံနိုင်မှုမှာ ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသာရှိသည့်အတွက် ကာကွယ်ဆေးအပြည့်အဝ မရရှိသည့် ကလေးစုစုပေါင်းမှာ နှစ်စဉ် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုသည်။

လက်ရှိတွင် ကလေးတစ်ဦးအတွက် ကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၅၀ကုန်ကျပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ကလေးတစ်ဦးအတွက် ၆ ဒသမ ၇ ဒေါ်လာကို အစိုးရက ကုန်ကျခံခဲ့ကာ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် GAVI မှ ၄၃ ဒေါ်လာခန့် ကုန်ကျခံခဲ့သည်ဟု ၎င်းကပြောသည်။

ကလေးများ ကာကွယ်ဆေးထိုးအစီအစဉ်တွင် မွေးကင်းစမှ အသက်(၁၈)လအထိ ကာကွယ်ဆေး ၁၀ မျိုးထိုးနှံပေးနေပြီး ပြင်းထန်တီဘီရောဂါ၊ အသည်းရောင်အသားဝါဘီ ၊ ငါးမျိုးစပ်ကာကွယ်ဆေး ၊ ပိုလီယို ၊ ပြင်းထန်အဆုတ်ရောင် ၊ ဦးနှောက်အမြှေးရောင်၊ ဝက်သက်၊ ဂျိုက်သိုးစသည့် ကာကွယ်ဆေးများ ထိုးနှံပေးလျှက်ရှိသည်။

Link: http://www.mmtimes.com/index.php/national-news/yangon/25885-immunization-clinics-available-in-98-hospitals.html

## ၁၈ လအတွင်း ရေးတစ်မြို့နယ်လုံး မီးလင်းစေရမည်ဟု မွန်ပြည်နယ် ဝန်ကြီးချုပ်ပြောကြား

Mon News Agency, 13 May 2017

မွန်ပြည်နယ်(၁၀)မြို့နယ်အနက် ရေးမြို့နယ်တခုသာ အစိုးရလျှပ်စစ်မီးမရရှိသေးသော်လည်း ယနေ့ရက်မှစပြီး(၁၈)လအတွင်း ရေးမြို့နယ်တခုလုံး လျှပ်စစ်မီးရရှိစေရမည်ဟု ရေးမြို့နယ်ဒေသခံများနှင့် မေလ(၁၂)ရက်နေ့ ရေးမြို့ရွှေဆံတော်ဓမ္မာရုံတွင် ပြုလုပ်သည့် တွေ့ဆုံပွဲ၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောကြားလိုက်သည်။



တွေ့ဆုံပွဲကို မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ဝင်များ ၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် ရေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရေးမြို့ဒေသခံပြည်သူများက ၎င်းတွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ဝန်ကြီးချုပ်က “ ဒီနေ့ကျွန်တော်လာတာမေလ ၁၂ ရက်နေ့ ၊ ၂၀၁၈ မေလ ၁၂ ရက်နေ့မှာ ဆိုလို့ရှိရင် ကျွန်တော်တို့ ရေးမြောက်ပိုင်း ၁၅ ရွာလောက်မှာ မီးလင်းမှာ ဖြစ်ပါတယ်။ ဒီကနေစပြီး (၁၈)လ ကြာရင် ရေးမြို့နယ်တစ်မြို့နယ်လုံး ကျေးရွာအားလုံး မြို့ပါမကျန် လျှပ်စစ်မီးအကုန်လုံး ရရှိမှာ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

အဆိုပါ လျှပ်စစ်မီးရရှိပြီးနောက် သုံးစွဲသူတွေအနေနဲ့ လျှပ်စစ်မီတာခအား တစ်ယူနစ်လျှင် ၂၁၀ကျပ်/၂၂၀ ကျပ် ဝန်းကျင်အတွင်း ပေးဆောင်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်ပြောသည်။

ရေးမြို့ခံဦးသန်းစိုးက “ အစိုးရလျှပ်စစ်မီးရရှိဖို့က ဝန်ကြီးချုပ်ပြောပြီးပြီဆိုတော့ ကျွန်တော်ထပ်ပြောစရာ မရှိတော့ပါဘူး။ ဒါပေမယ့် မြို့တွင်းအဝေးပြေးလမ်းမတလျှောက်ရှိ ဓာတ်မီးတိုင်တွေမှာတော့ ဖြစ်နိုင်ရင် မီးတွေကို တပ်ဆင်ပေးစေလိုပါတယ်” ဟု ဆိုသည်။

အဆိုပါမြို့တွင်းအဝေးပြေးလမ်းမတလျှောက်ရှိ ဓာတ်တိုင်များတွင် မီးတပ်ဆင်ထားခြင်းမရှိသောကြောင့် ယာဉ်မတော်တဆမှုတွေ မကြာခဏဖြစ်ပွားတတ်ကြောင်း ၎င်းက ဆက်ပြောသည်။

“ အစိုးရကပေးတဲ့ မီးကိုရခဲ့မယ်ဆိုရင်တော့ မီတာဈေးနှုန်းကို တခြားမြို့နယ်က ဈေးနှုန်းနဲ့ အတူတူရရှိချင်ပါတယ်။ သူများ ၃၅ကျပ်ဆို ကျွန်မတို့မြို့နယ်မှာလဲ ၃၅ကျပ်ဖြစ်စေချင်တယ်” ဟု ရေးမြို့ခံဒေါ်စန်းကြည်က ပြောသည်။

ရေးမြို့ပေါ်ဈေးကွက်များနှင့် အဘော်ကျေးရွာ၊ ဒူးရားကျေးရွာ၊ အစင်ကျေးရွာ၊ ဇီးဖြူသောင်ကျေးရွာများတွင် မြတ်သူရထွန်းကုမ္ပဏီမှ မီတာခတစ်ယူနစ်လျှင် ၄၀၀ကျပ်ဖြင့် ဖြန့်ဝေပေးလျက်ရှိပြီး ရေးမြို့နယ်အတွက် Bedok Construction & Engineering Co;Ltd နှင့် SEGEP ကုမ္ပဏီတို့ကို လျှပ်စစ်မီးထုတ်လုပ်ဖြန့်ဖြူးရန် မွန်ပြည်နယ် လွှတ်တော်က ခွင့်ပြုထားသည်။

သို့ရာတွင် ရေးမြို့နယ်တစ်ခုလုံးအတွက် အစိုးရလျှပ်စစ်မီး မည်သည့်ကာလတွင် အစားထိုးဖြန့်ဝေနိုင်မည်ကို ဝန်ကြီးချုပ် ခန့်မှန်းပြောဆိုခဲ့ခြင်းမရှိပေ။

Link: https://monnews.org/2017/05/13/all-ye-township-will-have-electricity-within-18-months-says-mon-chief-minister/

## မြေနှင့် ပစ္စည်းဥစ္စာ

### မြန်မာ့တပ်မတော် နှင့် KNU တို့ မှ ကရင်ပြည်နယ်တွင် မြေမြှုပ်မိုင်းများ ရှင်းလင်းမည်

The Irrawaddy, 8 May 2017

ကရင်ပြည်နယ်အတွင်း ပြည်သူလူထု သွားလာရာတွင် အန္တရယ်ရှိနိုင်သည့် နေရာများကို မိုင်းရှင်းလင်းရေး လုပ်ဆောင်ရန် တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ စတင်ဆွေးနွေးနေပြီဟု ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြောသည်။




တပ်မတော်၏ ကိုယ်စားလှယ်လည်းဖြစ်သူ ဗိုလ်မှူးကြီး ဝဏ္ဏအောင်က မေလ ၅ ရက် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည့် ၁၀ကြိမ်မြောက် JMC-Uအစည်းအဝေးအပြီးတွင် သတင်းမီဒီယာများကို ပြောဆိုလိုက်ခြင်းဖြစ်သည်။

ဗိုလ်မှူးကြီးဝဏ္ဏအောင်က “ ကျွန်တော်တို့က လက်ရှိတော့ KNU အဖွဲ့နဲ့ ဆွေးနွေးထားတာ ဖြစ်ပါတယ်။ စရှင်းဖို့ဆိုတာကတော့ သူတို့အဖွဲ့အစည်းက သူတို့အထဲမှာလည်း ပြန်ပြီးတော့ညှိနှိုင်းပါလိမ့်မယ်။ ပြီးတော့နောင်လာမယ့် အစည်းအဝေးတွေမှာ ကျွန်တော်တို့ ပြန်ပြောကြ ဆိုကြမှာဖြစ်ပါတယ် ” ဟုလည်းပြောသည်။

KNU က ၎င်းတို့ ဗဟိုကော်မတီအတွင်း ဆွေးနွေးပြီး အကြောင်းပြန်မည်ဖြစ်သည်ဟု တပ်မတော်ကသိထားပြီး လက်ရှိတွင် ယုံကြည်မှုတည်ဆောက်နေဆဲကာလဖြစ်သဖြင့် ယုံကြည်မှုအရ မိုင်းရှင်းလင်းရေးကိစ္စကိုလည်း အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကမိုင်းရှင်းမည့်နေရာများမှာ ပြည်သူလူထုသွားလာအသုံးပြုနေသည့် နေရာများသာဖြစ်ကြောင်း ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြောသည်။

“ သူတို့(KNU) ရဲ့ တပ်စခန်းတွေကို စတင်ဆောင်ရွက်ဖို့ မရှိသေးပါဘူး။ ပြည်သူလူထုအတွက်ရည်ရွယ်ပြီး မိုင်းရှင်းရေးဆောင်ရွက်မှာပါ။ ဒါကို ၂ ဖက်သဘောတူထားတဲ့ အချက်လေးတွေလည်း ရှိပါတယ်။ နေရာသာ မသတ်မှတ်ရသေးတာ ဖြစ်ပါတယ် ” ဟုလည်း ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ဆိုသည်။

မိုင်းရှင်းလင်းရေး လုပ်ဆောင်ရာ၌ နိုင်ငံတကာမှ ကူညီမည်ဆိုပါက နည်းပညာနှင့် အထောက်အပံ့များကို လက်ခံမည်ဖြစ်ပြီး အဓိက ရှင်းလင်းမည့်သူများအဖြစ် တပ်မတော်နှင့် သက်ဆိုင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကသာ မြေပြင်တွင် ရှင်းလင်းရန် တပ်မတော်က သဘောထားရှိသည်ဟုလည်း ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြောသည်။

မိုင်းရှင်းလင်းရေးလုပ်ဆောင်ရန်အတွက် ပြည်ထောင်စုအဆင့် (JMC-U)က ပြည်နယ်အဆင့် (JMC-S)အဖွဲ့ဝင်များနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်သွားမည်ဟု သိရသည်။

မိုင်းရှင်းလင်းရေးသည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုစာချုပ် (NCA) အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

KNU က ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် NCA ကို လက်မှတ်ရေးထိုးသည်။

NCA အခန်း(၃)ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များပါ ပုဒ်မ(၅)(င)တွင် ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသည့် မိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့် တဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ရန်ဟူ၍ ရေးသားပြဋ္ဌာန်းထားသည်။

KNU ဒုဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက “ အထူးသဖြင့်ကတော့ ပြည်သူလူထုအတွက် သွားရေးလာရေး၊ ဆက်သွယ်ရေးလမ်းကြောင်းတွေ ပြည်သူလူထုသွားတဲ့ လမ်းကြောင်းမှာတော့ မိုင်းအသုံးပြုတာတော့မရှိခဲ့ပါဘူး။ များသောအားဖြင့်ကတော့ စစ်ရေးအရ ဆောင်ရွက်တဲ့အခါ သုံးတာပဲရှိပါတယ် ” ဟု ပြောသည်။

အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်အရ မိုင်းရှင်းလင်းရေးလုပ်ဆောင်ရမည်ဖြစ်သော်လည်း မြေပြင်တွင် ရှင်းလင်းရေးမလုပ်ဆောင်မီ မိုင်းအသိပညာပေးခြင်း၊ မိုင်းရှိသည့်ဒေသများတွင် မိုင်းနှင့်ပတ်သတ်သည့် နည်းပညာအချက်အလက်များကို စစ်တမ်းပြုလုပ်ခြင်း စသည်ဖြင့် လုပ်ငန်းစဉ်များကို အချိန်ယူဆောင်ရွက်ရဦးမည်ဟု ပဒိုစောကွယ်ထူးဝင်းက ပြောသည်။

မိုင်းရှင်းလင်းရန်အတွက် အဆင့်ဆင့်ဆောင်ရွက်ရေးမှာ နိုင်ငံတကာ၏ လုပ်ထုံးလုပ်နည်းများဖြစ်ကြောင်း၊ ထို့ပြင် မိုင်းရှင်းနိုင်ရန်လုပ်ဆောင်ရာတွင် တဖက်နှင့်တဖက် ယုံကြည်မှု၊ အကောင်အထည်ဖော်မှုတို့ကိုပါ တဆင့်ချင်း အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်းလည်း ပဒိုစောကွယ်ထူးဝင်းက ဆိုသည်။

KNU က မိုင်းအသိပညာပေးရေးကို ကရင်ပြည်နယ်ရှိ ဒေသအားလုံးနီးပါးတွင် လုပ်ဆောင်ပြီးစီးနေပြီဖြစ်ပြီး တဖက်တွင်လည်း Technical Survey (နည်းပညာပိုင်းဆိုင်ရာ ကွင်းဆင်းလေ့လာမှု) များကို အချို့သောဒေသများတွင် လုပ်ဆောင်လျှက်ရှိသည်ဟု သိရသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် Landmine and Cluster Munition Monitor အဖွဲ့၏ Landmine monitor Myanmar/Burma country report 2016 အရ ကရင်ပြည်နယ်မှာ မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းအများဆုံးရှိသည့် ဧရိယာတစ်ခု ဖြစ်ပြီး မိုင်းကြောင့် ကိုယ်လက်အင်္ဂါ ဆုံးရှုံးမှုမှာလည်း ကရင်ပြည်နယ်အတွင်း ဖြစ်ပွားမှုအများဆုံးဖြစ်သည်ဟု ရေးသားထားသည်။

Link: https://www.irrawaddy.com/news/burma/burma-army-remove-landmines-karen-state.html

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

### မေလ(၂၄)ရက်နေ့မတိုင်မီ DPN နှင့် ငြိမ်းချမ်းရေးကော်မရှင် ထပ်မံ တွေ့ဆုံမည်

Myanmar Times, 2 May 2017

ငြိမ်းချမ်းရေးကော်မရှင်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့ကို ကိုယ်စားပြုသည့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)သည် မေလ(၂၄)ရက်နေ့တွင် ပြုလုပ်ရန်သတ်မှတ်ထားသည့် ၂၁ ရာစုပင်လုံညီလာခံ ဒုတိယအကြိမ်မကျင်းပမီ မေလ ဒုတိယအပတ်တွင် တွေ့ဆုံမည်ဖြစ်သည်။

ကော်မရှင်သည် UNFC တိုင်းရင်းသားအဖွဲ့မှ အဆိုပြုထားသည့်အချက်(၉)ချက်ကို ဆွေးနွေးရန် ထိုင်းနိုင်ငံ ၊ ချင်းမိုင်မြို့တွင် ပြီးခဲ့သည့် ရက်သတ္တပတ်က တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးအတွင်းတွင် ငြိမ်းချမ်းရေးကော်မရှင်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးအောင်ကြည်က ရန်ကုန်၌ မတ်လ(၃)ရက်နေ့အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် သဘောတူထားသော ဝေါဟာရများမှ  အချို့ကို DPN က ပြောင်းလဲရန် အဆိုပြုခဲ့ကြောင်း ပြောခဲ့သည်။

“ ကျွန်တော်တို့ DPN နဲ့ ဆွေးနွေးခဲ့တဲ့ ပြီးခဲ့တဲ့အဆိုပြုချက် ဝေါဟာရအသုံးအနှုန်းတွေနဲ့ အနည်းငယ် ကွာခြားမှုရှိပါတယ် ” ဟု သူ က ပြောသည်။

သို့သော်လည်း မည်သည့်ဆိုပြုချက်အပိုင်းကို DPN မှ အပြောင်းအလဲလုပ်ချင်သည်ကို ၎င်းမှ မပြောကြားခဲ့ပေ။

UNFC ခေါင်းဆောင်ပိုင်းမှ ယင်းအား ဆွေးနွေးရန်အတွက် အစည်းအဝေးကျင်းပမည်ဖြစ်ပြီး ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN သည် ၂၁ ရာစုပင်လုံညီလာခံမတိုင်မီ ဆက်လက်ဆွေးနွေးရန်အတွက် မေလတွင် ထပ်မံတွေ့ဆုံမည်ဖြစ်သည်။

ယမန်နေ့တွင် DPN မှအရာရှိများသည်  မည်သည့်မှတ်ချက်မျှ မပေးခဲ့ပေ။

ပြီးခဲ့သည့်နှစ်တွင် DPN သည် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးရန်အတွက် အချက် ၉ ချက်အား အစိုးရမှ သဘောတူရန် အဆိုပြုခဲ့သည်။

DPN ခေါင်းဆောင်များမှ နေပြည်တော်တွင် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးစင်တာမှ ဥက္ကဌနှင့် တွေ့ဆုံပြီးနောက် အချက်များနှင့်ပတ်သတ်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တွင် မတ်လအစောပိုင်း၌ စတင်ခဲ့သည်။

မတ်လအစောပိုင်း ညှိနှိုင်းဆွေးနွေးမှုများပြီးနောက် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN သည် အချက် ၉ ချက်ကို ယေဘူယျအားဖြင့် သဘောတူညီခဲ့သော်လည်း နောက်ထပ် ဆွေးနွေးမှုများပြုလုပ်ရန်အတွက် အဆိုပြုချက် ၂ ခုစလုံးကို သက်ဆိုင်ရာငြိမ်းချမ်းရေးအဖွဲ့များထံသို့ လွှဲပြောင်းပေးခဲ့သည်။

Link : http://www.mmtimes.com/index.php/national-news/25810-peace-commission-dpn-to-meet-again-before-may-24.html

## အစိုးရနှင့် UNFC ကိုယ်စားလှယ်များအတွင်း ၅ ကြိမ်မြောက်အစည်းအဝေး ကျင်းပ

The Irrawaddy, 29 April 2017

အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့(UNFC) ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့(DPN)တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရေးထိုးနိုင်ရေးအတွက် ၅ ကြိမ်မြောက် တွေ့ဆုံ ညှိနှိုင်းပြီးဖြစ်သော်လည်း တစုံတရာ အဖြေမထွက်သေးဘဲ ဆက်လက်ညှိနှိုင်းနေဆဲဖြစ်သည်ဟု သတင်းရရှိသည်။

ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဌဒေါက်တာဝင်မျိုးဝင်းဦးဆောင်သည့်အဖွဲ့သည် ဧပြီလ ၂၈ ရက်တွင် ထိုင်းနိုင်ငံ ၊ ချင်းမိုင်မြို့သို့ သွားရောက်ကာ နံနက် ၉ နာရီမှ ည ၇ နာရီအထိ DPN အဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။




DPN က NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရထံ တောင်းဆိုထားသည့်အချက် ၉ ချက်ကို ငြိမ်းချမ်းရေးကော်မရှင်နှင့် ညှိနှိုင်းနေခြင်းဖြစ်သည်။

ယင်းအချက်(၉)ချက်တွင် အပစ်ရပ်လက်မှတ်မရေးထိုးမီ အပစ်အခတ်ရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် (COC) နှင့် စောင့်ကြည့်ရေးလုပ်ငန်းလမ်းညွှန် (TOR) နှင့် တပ်နေရာ ပြန်လည်ချထားရေးကိစ္စရပ်များ ကို တင်သဘောတူရေးဟူသည့် အချက်များ ပါဝင်သည်။

အဆိုပါ ၉ ချက်ကို မူအားဖြင့် သဘောတူထားပြီး အချက်အလက်များကို အပြီးသတ်သဘောတူနိုင်ရန် ဆက်လက်ညှိနှိုင်းနေကြခြင်းဖြစ်သည်။

ထိုအချက် ၉ ချက်ကို ညှိနှိုင်းပြီးပါက NCA လက်မှတ်ရေးထိုးမည်ဖြစ်ပြီး မေလ ၂၄ ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ရာစုပင်လုံဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်မည် ဖြစ်သည်။

ဒေါက်တာ တင်မျိုးဝင်းက အချက် ၉ ချက်ပါ အသေးစိတ်အချက်အလက်များကို ညှိနှိုင်းနေဆဲဖြစ်ပြီး ယခုအကြိမ် ဆွေးနွေးမှုမှာ အခြေအနေတိုးတက်ကြောင်း ဆိုသည်။

ဒေါက်တာ တင်မျိုးဝင်းက " အဓိကကတော့ NCA ထိုးပြီးတော့ NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးရဖို့အတွက်ကို အားလုံးကနေ သဘောထားဆန္ဒတခုတည်းရှိတဲ့အတွက် အားလုံးတဖက်နဲ့တဖက် ရင်းရင်းနှီးနှီး ယုံကြည်မှုတည်ဆောက်နိုင်တဲ့အပြင် နိုင်ငံရေးအရ ပြောရမယ်ဆိုရင် တိုးတက်မှု အများကြီးရှိတယ်လို့ ကျွန်တော်တို့ ပြောချင်ပါတယ် " ဟုပြောသည်။

ခူဦးရယ်က တောင်းဆိုထားသည့် အချက်အလက်များကို လာရောက်ညှိနှိုင်းနေသော်လည်း တကယ်တမ်း ဆုံးဖြတ်ချက်ချမည့်သူများမှာ ၎င်းတို့မဟုတ်ဘဲ DPN အဖွဲ့ဝင်ကိုယ်စားလှယ် အသီးသီး၏ သက်ဆိုင်ရာ မိခင်တပ်အဖွဲ့တို့မှ ခေါင်းဆောင်ကြီးများဖြစ်ပြီး ၊ ယင်းသို့ ခေါင်းဆောင်ကြီးများ ဆုံးဖြတ်ချက်ချနိုင်ရန်လည်း DPN ကလာရောက် ဆွေးနွေးနေခြင်းဖြစ်သည်ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တို့သည် ထပ်မံတွေ့ဆုံ ဆွေးနွေးသွားရန်ရှိသော်လည်း ရက်အတိအကျ ထုတ်ဖော်ပြောဆိုသွားခြင်း မရှိပေ။

DPN တွင် NCA လက်မှတ်မထိုးရသေးသည့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) ၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်မြောက်ပိုင်း (SSPP/SSA) ၊ မွန်ပြည်သစ်ပါတီ (NMSP) ၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ၊ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) နှင့် ဝ အမျိုးသားအဖွဲ့ချုပ်(WNO) တို့မှ ကိုယ်စားလှယ်များ ပါဝင်သည်။

Link: https://www.irrawaddy.com/news/burma/fifth-meeting-held-between-govt-and-unfc-peace-delegations.html

## ငြိမ်းချမ်းရေးညီလာခံသို့ NCA လက်မှတ်မထိုးသူများအား တက်ရောက်ခွင့်မပြုကြောင်း UPDJC ဒုဥက္ကဌပြောကြား

Eleven Myanmar, 2 May 2017

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးပူးတွဲကော်မတီ(UPDJC) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးသူများ၏ ဆုံးဖြတ်ချက်အရ စာချုပ်လက်မှတ်မရေးထိုးသည့် လက်နက်ကိုင်အဖွဲ့များကို ဒုတိယအကြိမ်ကျင်းပမည့် ပြည်ထောင်စုညီလာခံသို့ တက်ရောက်ခွင့်မပြုရန် ဆုံးဖြတ်လိုက်သည်။

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဒုတိယအကြိမ် ပင်လုံညီလာခံကို မေလ(၂၄)ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ညီလာခံအတွင်းတွင် တိုင်းရင်းသားများနှင့် ဒေသဆိုင်ရာကျင်းပခဲ့သည့် အမျိုးသားနိုင်ငံရေးဆွေးနွေးမှုများမှ ရလဒ်များကို အခြေခံပြီး ဆွေးနွေးမည်ဖြစ်သည်။

" ကျွန်တော်တို့ JPDJC က NCA သတ်မှတ်ချက်အရ ဆုံးဖြတ်ခဲ့တာပါ၊ ညီလာခံတက်ဖို့အတွက် NCA လက်မှတ်ရေးထိုးရပါမယ်။ မထိုးရင် တက်လို့မရပါဘူး။ ဒီလိုသတ်မှတ်ချက်စည်းကမ်းကို ပြင်ဆင်ဖို့ ၊ ပြောင်းလဲဖို့ ကျွန်တော်တို့ ဆွေးနွေးမှာမဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့တကယ့်ငြိမ်းချမ်းရေးကို ရချင်တယ်ဆိုရင်တော့ အပြောင်းအလဲတစ်ခုဖြစ်လာမှာပေ့ါဟု "သုဝေက ပြောခဲ့သည်။

အာဏာရရှိလာပြီးနောက် ၅ လအကြာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရသည် ပထမဦးဆုံးအကြိမ် ပြည်ထောင်စုညီလာခံ ကျင်းပခဲ့သည်။ ထိုညီလာခံသို့ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်၊ ရက္ခိုင်တပ်မတော်နှင့် မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(ကိုးကန့်)မှလွဲ၍ အပစ်ရပ်လက်မှတ်ရေးထိုးသူနှင့် မရေးထိုးသူများပါ တက်ရောက်ခဲ့သည်။

ပထမအကြိမ်ကျင်းပသည့် ညီလာခံတွင် အဖွဲ့အစည်းအမျိုးမျိုးမှ တင်သွင်းလာသည့် နိုင်ငံရေးဆိုင်ရာ စာရွက်စာတမ်းများကိုသာ ဆွေးနွေးခဲ့ကြောင်း UPDJC တာဝန်ရှိသူများက ပြောခဲ့သည်။ လာမည့်ညီလာခံတွင် သေချာသည့်ဆုံးဖြတ်ချက်ရောက်ရှိရန် မျှော်မှန်းထားကြောင်း ၎င်းတို့က ပြောသည်။

Link: http://www.elevenmyanmar.com/politics/9137

## ၂၁ ရာစုပင်လုံညီလာခံ ကျင်းပမည့် ကာလအတွင်း NCA ထိုးထားသည့်အဖွဲ့အချင်းချင်း ထိတွေ့မှုမရှိစေရန် ဒုဗိုလ်ချုပ်ကြီးတိုက်တွန်း

Mizzima, 4 May 2017

ဒုတိယအကြိမ် ၂၁ ရာစုပင်လုံကျင်းပမည့် ကာလအတွင်း NCA ထိုးထားသည့် အဖွဲ့ဝင်များအနေဖြင့် အချင်းချင်း ထိတွေ့တိုက်ပွဲများမရှိအောင်နေကြစေလိုကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တိုက်တွန်းလိုက်သည်။




"၂၁ ရာစုပင်လုံညီလာခံ ကျင်းပတော့မယ့် ကာလအတွင်းမှာ လက်မှတ်ထိုးထားတဲ့အဖွဲ့တွေအနေနဲ့ မြေပြင်မှာ ထိတွေ့ တိုက်ခိုက်မှုမရှိအောင် တစ်ယောက်နဲ့တစ်ယောက်ကြားမှာ သံသယတွေကို အောက်ခြေအဆင့်မှာပဲ ကျေလည်အောင် ညှိနှိုင်းဖြေရှင်းသွားမယ်၊ တကယ်လို့ မကျေလည်ဘူးဆိုရင်လည်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုက်ရိုက်ညှိနှိုင်းပြီးတော့မှ ဖြေရှင်းနိုင်မယ့်ကိစ္စ၊ ကျွန်တော်တို့အနေနဲ့ မဖြေရှင်းနိုင်တဲ့ ကိစ္စမရှိပါဘူး" ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောသည်။

ယနေ့ မေလ(၃)ရက်နေ့ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပြုလုပ်သည့် ကော်မတီ၏ ဒသမအကြိမ်မြောက် ပုံမှန်အစည်းအဝေး အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

" ဒီကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ JMC အဖွဲ့ဝင်တွေအနေနဲ့ ဒါလေးတွေကို ဦးစားပေးပြီးတော့မှ စီမံဆောင်ရွက်ပေးပါလို့တိုက်တွန်းလိုပါတယ် "ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောသည်။

NCA ထိုးထားတဲ့ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ကြားမှာ သံသယတွေရှိခဲ့ပါက တစ်ဖွဲ့နှင့်တစ်ဖွဲ့ စားပွဲဝိုင်းတွင် မျက်နှာချင်းဆိုင် ညှိနှိုင်းပြီးဆွေးနွေးမည်ဆိုပါက အဆင်ပြေနိုင်မည့် အနေအထားရှိသည်ဟုလည်း ၎င်းကဆိုသည်။

Link: http://www.mizzima.com/news-domestic/jmc-u-chairman-urges-nca-signatories-avoid-engagements-panglong-conference

## ကရင်လူထုများ ဖက်ဒရယ်စနစ်ဆိုင်ရာ အသိပညာများ သိမြင်လာရန် ဆွေးနွေးပွဲပြုလုပ်

Burma News International, 2 May 2017




ကရင့်ရေးရာကော်မတီ KAC မှ ဦးဆောင်ပြီး ကရင်နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ ပါဝင်သည့် ဖက်ဒရယ်နှင့် ဒီမိုကရေစီဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဧပြီလ ၂၇ ရက်နေ့က ဘားအံမြို့ရှိ သုမေဓာရာမ တောရကျောင်းတွင် ပြုလုပ်ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ဘားအံခရိုင်အဆင့် ပြုလုပ်သည့် ဖက်ဒရယ်နှင့် ဒီမိုကရေစီဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖြစ်ပြီး အောက်ခြေ ကရင်လူထု ဖက်ဒရယ်စနစ်ဆိုင်ရာ အသိပညာများ ပိုမိုသိမြင်လာစေရန်နှင့် ဖက်ဒရယ်စနစ်ထူထောင်ရာတွင် ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း KAC အတွင်းရေးမှူး စောကျော်စွာက ပြောသည်။

၎င်းက " နိုင်ငံတော် တည်ဆောက်ရေးမှာ အားလုံးက ဖက်ဒရယ်စနစ်နဲ့သွားမယ်ဆိုတာ သဘောတူကြတယ်။ ဖက်ဒရယ်စနစ်ဆိုတာ ဘာလဲဆိုတာ အောက်ခြေလူထုတွေ သိအောင်လုပ်တာဖြစ်တယ်။ KNU တို့ နိုင်ငံရေးပါတီတို့ရဲ့ သဘောဆန္ဒတွေချည်းမဟုတ်ပဲနဲ့ ပြည်သူလူထုအသံလည်း ပါဝင်စေချင်တာဖြစ်ပါတယ်။ ပြီးတော့ ဖက်ဒရယ်စနစ်နဲ့နိုင်ငံတည်ဆောက်ခြင်းသည်သာ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မယ်ဆိုတာကို သိစေချင်တာလည်းဖြစ်တယ် " ဟု ပြောသည်။

ယခုပြုလုပ်သည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးရုံဆွေးနွေးပွဲတွင် ကရင်အမျိုးသားအစည်းအရုံး-KNU ၊ ဖလုံစဝေါဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-NLD ၊ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၊ ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းကွန်ရက်-KSCN ၊ ဘာသာရေးခေါင်းဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စသည့်အဖွဲ့အစည်း ၁၅ ဖွဲ့မှ လူ ၁၁ဂ ဦးတက်ရောက် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် ကရင်နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်တစ်ဦး ၊ KNU မှ ကိုယ်စားလှယ်တစ်ဦး၊ ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးတို့မှ ဖက်ဒရယ်ဆိုင်ရာ သဘောထားအမြင်များ တင်ပြခြင်း၊ ဆွေးနွေးခြင်း ၊ သဘောထားရလဒ်များစုစည်းခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များအား ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသည့် KNU နဘူးမြို့နယ် ကိုယ်စားလှယ်ဖြစ်သူ စောလားဟော်ထူးက " ကျွန်တော်တို့အခုလိုလုပ်ပေးတာက ဖက်ဒရယ်စနစ်နဲ့ပတ်သတ်လို့ မသိတဲ့သူတွေရော၊ သိတဲ့သူတွေရော အကျိုးရှိတယ်။ ပိုပြီးသိလာရတာတွေလည်းရှိတယ်။ ကျွန်တော့်အမြင်ကတော့ ဒီလိုအချင်းအချင်း ထိတွေ့မှုလေးတွေ များများလုပ်ပေးနိုင်လေ ကောင်းလေပဲလို့မြင်ပါတယ် " ဟု ပြောသည်။

ထို့အပြင် ယနေ့ဆွေးနွေးပွဲများမှ ရရှိလာသည့် သဘောထားများကို စုစည်းပြီး လာမည့် ဇွန်လတွင် အလားတူအလုပ်ရုံဆွေးနွေးပွဲကို ပြည်နယ်အဆင့် တစ်ကြိမ် ထပ်မံပြုလုပ်မည်ဖြစ်ကာ ရရှိလာသည့် ဖက်ဒရယ်ဆိုင်ရာ သဘောထားများကို ကရင်ပြည်နယ် တစ်ဝှမ်းလုံးရှိ လူထု၏အသံအဖြစ် ကိုယ်စားပြုပြီး ကရင်လက်နက်ကိုင်အဖွဲ့များ ၊ ကရင်နိုင်ငံရေးပါတီများ ၊ ပြည်သူ့လွှတ်တော်များတွင် ပေးပို့သွားမည်ဖြစ်ကြောင်းလည်း KAC ထံမှ သိရသည်။

Link: [http://www.bnionline.net/news/karen-state/item/2975-karen-groups-tries-to-promote-public-awareness-about-federalism.html](http://www.bnionline.net/news/karen-state/item/2975-karen-groups-tries-to-promote-public-awareness-about-federalism.html)

## KNPP ကွန်ဂရက်ပြီးဆုံး - ဥက္ကဋ္ဌအား ပြန်လည်ရွေးချယ်တင်မြှောက်

The Irrawaddy, 11 May 2016

ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် တိုက်ပွဲဝင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သော ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ကရင်နီပြည်နယ် - ထိုင်းနယ်စပ်ရှိ ၎င်းတို့၏ဌာနချုပ်တွင် ကျင်းပသည့် ကွန်ဂရက်ကို ကြာသာပတေးနေ့တွင် အပြီးသတ် ကျင်းပနိုင်ခဲ့ပြီး လက်ရှိဥက္ကဋ္ဌဖြစ်သူ ခွန် Abel Tweed ကို ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့သည်။



KNPP သည် ယခင်အစိုးရနှင့် ၂၀၁၂ ခုနှစ်တွင် နှစ်ဦးနှစ်ဖက် အပစ်ရပ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော်လည်း တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ကို လက်မှတ်မရေးထိုးခဲ့ပေ။ အဖွဲ့သည် လက်ရှိတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ငြိမ်းချမ်းရေးညှိနှိုင်းသူများနှင့် UNFC အောက်တွင် ဆွေးနွေးနေသည်။

မေလ (၃ -၁၁)ရက်နေ့ထိ ကျင်းပသည့် ကွန်ဂရက်သို့ KNPP မှ ကိုယ်စားလှယ်(၂၀၀)ဝန်းကျင်တက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌအပါအဝင် ဗဟိုကော်မတီအဖွဲ့ဝင်သစ်များအတွက် မဲပေးခဲ့ကြသည်။

KNPP သည် ကွန်ဂရက်ကို ၄ နှစ်တစ်ကြိမ်ကျင်းပပြီး ကွန်ဂရက်အတွင်း ၎င်းတို့အဖွဲ့ဝင်များမှ အဖွဲ့အစည်း၏ တိုးတက်မှုများနှင့်လှုပ်ရှားမှုအစီရင်ခံစာများကို နားထောင်ခဲ့ကြပြီး ခေါင်းဆောင်သစ်

ပိုင်းဆိုင်ရာ ရွေးချယ်ခဲ့သည်။ ယခုနှစ် ကွန်ဂရက်တွင် ပါဝင်သည့် အကြောင်းအရာများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပြန်လည်ထူထောင်ရေး ၊ အမျိုးသမီးနှင့်လူငယ်အစီအစဉ်များ စသည်တို့အပေါ် ဗဟိုပြုဆွေးနွေးခဲ့သည်။

မေလ(၁၇-၁၈)ရက်နေ့တွင် အဖွဲ့ဝင်တစ်ဦးစီအား တာဝန်ဝတ္တရားများပေးအပ်ရန်နှင့် ၎င်းတို့ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များနှင့် လုပ်ရှားမှုများအတွက် ဗဟိုကော်မတီဝင်များ တွေ့ဆုံမည်ဖြစ်သည်။ အတွင်းရေးမှူးအဖွဲ့ကိုလည်း ၎င်းတို့မှ ခန့်ထားမည်ဖြစ်ကြောင်း Gen Be Htoo က ပြောသည်။

ယခင်က KNPP ဒုဥက္ကဋ္ဌဖြစ်သူ UNFC ငြိမ်းချမ်းရေးညှိနှိုင်းရေးအသင်းခေါင်းဆောင်ခွန်ဦးရယ်သည် အမြဲတမ်းဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရသည်။

အစိုးရအနေနှင့် UNFC မှတောင်းဆိုထားသည့် အချက် ၉ ချက်ကို သဘောတူမည်ဆိုပါက မှ NCA သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း လိုက်မည်ဖြစ်ကြောင်း KNPP ကပြောသည်။

Link: https://www.irrawaddy.com/news/burma/knpp-concludes-congress-re-elects-chairperson.html

## NCA ရေးထိုးရန် မွန်ပြည်သစ်ပါတီ သဘောတူ

The Irrawaddy, 12 May 2017

မေလတွင် ကျင်းပပြီးစီးသည့် ဗဟိုကော်မတီအစည်းအဝေး၌ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးရန် မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီများ သဘောတူညီခဲ့ပြီး NCA အား လက်ခံသည့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စုပေါင်းရေးထိုးရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်းသိရသည်။



မွန်ပြည်သစ်ပါတီဗဟိုအလုပ်အမှုဆောင် နိုင်ဝင်းလှက “ ဖြစ်မယ်ဆိုတာကို ကျွန်တော်တို့ယတိပြတ်ပြောနိုင်တာက ကျွန်တော်တို့ တဖွဲ့တော့ အဆုံးအဖြတ် ကျထားပြီးသားဆိုတော့ အပြတ်ပြောလို့ရတယ်။ ကျန်တဲ့အဖွဲ့တွေက ဆွေးနွေးနေတုန်းဆိုတော့ ပြောရခက်တယ်။ KIO ကလည်း သူတို့နုတ်ထွက်မယ်။ နောက် “ဝ” အမျိုးသားအဖွဲ့ချုပ်ကလည်း နုတ်ထွက်မယ်လို့ သတင်းကြားတယ်။ သူတို့က သိပ်မသေချာတော့ဘူး၊ နောက်ကျန်တဲ့ ၅ ဖွဲ့ကတော့ ဖြစ်နိုင်ချေရှိတယ်လို့ ယူဆရတာပေါ့” ဟု မေလ ၁၂ ရက်နေ့တွင် မီဒီယာများသို့ပြောကြားခဲ့သည်။

NCA စာချုပ်လက်မှတ်ရေးထိုးမည့်ရက်ကိုမူ ထိုင်းနိုင်ငံချင်းမိုင်မြို့တွင်ကျင်းပမည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီညီလာခံအပြီး၌ NCA အား လက်ခံသည့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းပြီးပါက ထုတ်ပြန်ပြောကြားနိုင်မည်ဖြစ်ကြောင်း နိုင်ဝင်းလှက ရှင်းပြသည်။

NCA လက်မှတ်မရေးထိုးရသေးသည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၊ ရခိုင်အမျိုးသားကောင်စီ (ANC) ၊ လားဟူဒီမိုကရက်တစ်ယူနီယံ (LDU) အဖွဲ့တို့သည် မိမိတို့ မွန်ပြည်သစ်ပါတီနှင့်အတူ NCA လက်မှတ်ရေးထိုးရန်ဖြစ်နိုင်ချေရှိသည်ဟု ယူဆရကြောင်း သိရသည်။

မွန်ပြည်သစပါတီ ဌာနချုပ် တည်ရှိရာ ရေးချောင်းဖျားစခန်း၌ ဧပြီလ ၂၃ ရက်နေ့မှ မေလ ၈ ရက်နေ့ အထိ ၁၆ ရက် ကြာ ကျင်းပခဲ့သည့် မွန်ပြည်သစ်ပါတီ၏ ၂၀၁၇ ခုနှစ် ပုံမှန် ဗဟိုကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြပြီးနောက် မွန်ပြည်သစ်ပါတီက ယခုကဲ့သို့ ထုတ်ဖော် ပြောကြားခဲ့ခြင်း ဖြစ်သည်။

လတ်တလော၌ အစိုးရနှင့် တပ်မတော်တို့၏ ရပ်တည်ချက်ကို သုံးသပ်ကြည့်လျှင် NCA လမ်းကြောင်းဖြင့်သာ ငြိမ်းချမ်းရေးတည်ဆောက်လိုသည့် သဘောထားရှိသည်ဟု သုံးသပ်ရပြီး ဤဆုံးဖြတ်ချက်သည် နိုင်ငံရေး ဆွေးနွေးမှုကို ပို၍ လွှမ်းခြုံ ကိုယ်စားပြုနိုင်သဖြင့် နိုင်ငံရေးဆွေးနွေးပွဲ ပိုမိုအားကောင်းလာမည် ဖြစ်ကြောင်း NCA လက်မှတ် ရေးထိုးထားပြီးဖြစ်သည့် ချင်းအမျိုးသားတပ်ဦး(CNF)၏ တွဲဖက်အထွေထွေ အတွင်းရေးမှူး (၁) ဒေါက်တာ ရွှေခါးရ်က ၎င်း၏ အမြင်ကို ဧရာဝတီအား ပြောကြားသည်။

ဒေါက်တာ ရွှေခါးရ်က “ ဖက်ဒရယ်မှာ ပါဝင်တဲ့ ပြည်နယ်လို့ပဲ ခေါ်ခေါ်၊ ဒေသလို့ပဲ ခေါ်ခေါ် ဒီဟာတွေက ကျနော်တို့ ပုံစံ အမျိုးမျိုးနဲ့ ဖော်ရမှာပေါ့ ။ အခု သူတို့တွေ ပါလာမယ်ဆိုရင် ပိုပြီးတော့ ငြိမ်းချမ်းရေး ဖော်ဆောင်တဲ့ နေရာမှာလည်း ဒီ ငြိမ်းချမ်းရေး ဆွေးနွေးပွဲရဲ့ လွှမ်းခြုံမှုက ပိုပြီးတော့ ကျယ်ပြန့်လာမှာပေါ့။ လူမျိုးအရ၊ နယ်မြေအရ ပါဝင်မှုလည်း အားကောင်းလာမယ် ဆိုရင် မပါဝင်ရသေးတဲ့ အဖွဲ့တွေအတွက်လည်း အကျိုးဖြစ်စေလာမှာပေါ့ ” ဟု ၎င်း၏ အမြင်ကို သုံးသပ် ပြောကြားသည်။

မွန်ပြည်သစ်ပါတီက NCA စာချုပ်ပါ အချက်အလက်များသည် သဘောမတွေ့စရာ အချက်အလက်များ ပါသော်လည်း ၎င်းအား နိုင်ငံရေးဆွေးနွေးပွဲမှတဆင့် တက်ရောက်ဖြေရှင်းရန် ယူဆရကြောင်းနှင့် ဤဆုံးဖြတ်ချက်သည် ကောင်းမွန်သည့် အလားအလာ ဖြစ်ကြောင်း မွန်ပြည်နယ် လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးကလည်း ဧရာဝတီသို့ သုံးသပ် ပြောကြားသည်။

ဒေါက်တာ အောင်နိုင်ဦးက “ ကျနော့်အမြင်က လက်မှတ်ရေးထိုးတာဟာ ပြီးဆုံးတဲ့ အဆင့်တော့ မဟုတ်ဘူး ၊ နောက်ထပ် ဆက်ရမယ့် ခရီးစဉ်တွေက ရှိသေးတဲ့အတွက် ပထမတဆင့်ကို ကျော်လွှားပြီးတော့ ဒုတိယအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို ထိထိရောက်ရောက် တက်ပြီး ဆွေးနွေးသွားနိုင်မယ်ဆိုရင် ကျနော်တို့အားလုံးအတွက် ကောင်းမွန်တဲ့ လမ်းကြောင်းတခု ထပ်ပြီးတော့ ပေါ်လာနိုင်တယ်၊ ကောင်းတဲ့ အလားအလာ တခုလို့ မြင်ပါတယ်” ဟု ဧရာဝတီကို ပြောကြားခဲ့သည်။

မွန်ပြည်သစ်ပါတီသည် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် NCA လက်မှတ် ရေးထိုးခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ယင်းစာချုပ် ပျက်ပြယ်ခဲ့သည်။ ဆက်လက်၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဦးသိန်းစိန် အစိုးရနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။

ယင်းပါတီသည် NCA ရရှိရန် ကြိုးပမ်းခဲ့သည့် ဖြစ်စဉ်၌ UNFC (ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ) တပ်ပေါင်းစု နှင့် အတူ တောက်လျှောက် ပါဝင်ခဲ့ပြီး စာချုပ်ကို လက်ခံသော်လည်း လက်မှတ်မရေးထိုးဘဲ ရှိခဲ့ရာမှ ယခုတွင် NCA အား လက်မှတ်ရေးထိုး မည်ဟု ထုတ်ဖော် ပြောကြားလာခြင်း ဖြစ်သည်။

Link: https://www.irrawaddy.com/news/burma/128581.html

## တိုင်းနှင့်ပြည်နယ်များ ကိုယ်ပိုင် အခြေခံဥပဒေ ရေးဆွဲခွင့် UPDJC သဘောတူ

The Irrawaddy, 12 May 2017

နိုင်ငံရေးဆွေးနွေးပွဲ ရလာဒ်အညီ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိစေရေးအတွက် ပြည်နယ် များအားလုံး ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေများ ရေးဆွဲခွင့်ကို ယနေ့နေပြည်တော်တွင် ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲ ကော်မတီ(UPDJC)က သဘောတူလိုက်ကြောင်း သတင်းရရှိသည်။




ယင်းဆွေးနွေးပွဲတွင် ပါဝင်သူ ပအိုဝ်း အမျိုးသား အဖွဲ့ချုပ်မှ ဗိုလ်မှူးကြီး ခွန်ဥက္ကာက “ ပြည်နယ်ဖွဲ့စည်းပုံရေးခွင့်ရှိခြင်းက ပြည်နယ်ရဲ့ ကိုယ်ပိုင် ပြဌာန်းခွင့်ကို အသိအမှတ်ပြု လိုက်တာပဲ” ဟု နံနက်ပိုင်း ဆွေးနွေးမှုအပြီးတွင် မီဒီယာများသို့ ပြောသည်။

UPDJC ၏ ယနေ့ နံနက်ပိုင်း ဆွေးနွေးပွဲတွင် နိုင်ငံရေးက ဏ္ဍအောက်ရှိ အမျိုးသား တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေး၊ ဖက်ဒရယ် ပြည်ထောင်စုမူ၊ ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံးရေး စသည့် အချက် ၇ ချက်ကို ဆွေးနွေးရာ ဘာသာရေးနှင့် နိုင်ငံရေး ရောယှက်သည့် ကိစ္စတခုမှ လွဲ၍ ကျန်ခေါင်းစဉ်များကို အတည်ပြုနိုင်ခဲ့သဖြင့် ယင်း အချက် ၆ ချက်ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ ဆက်လက်တင်ပြသွားမည်ဟု သိရသည်။

“ ပြည်နယ်တွေမှာ ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဖို့ သဘောထားကျသွားတယ်။ ဗမာပြည် သမိုင်းမှာ မရှိသေးဘူး။ ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်တွေမှာ ပြည်နယ်တွင်းမှာ ကျင့်သုံးမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးခွင့်ကို မပေးဘူး။ ဘယ်ခေတ်မှာမှ မရှိခဲ့ဘူး။ အခု ဒီနေ့ရခဲ့ပြီ ”ဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။

သို့သော် ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျင့်သုံးဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံနှင့် ဆန့်ကျင် ကွဲလွဲ၍ မရဘဲ အငြင်းပွားဖွယ် ကိစ္စရပ်များ ရှိပါက ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံနှင့် အာဏာပိုင်တို့၏ အဆုံးအဖြတ် အောက်တွင် ရှိရမည်ဟု သဘောတူခဲ့ရကြောင်း ပအိုဝ်း အမျိုးသား အဖွဲ့ချုပ်ထံမှ သိရသည်။

KNU မှ ဖဒိုစောကွယ်ထူးဝင်းက “ ဆုံးဖြတ်ချက်တွေထဲမှာ အထူးသဖြင့် ကျနော်တို့တိုင်းရင်းသားတွေ လိုလားတဲ့ ဆန္ဒရှိတဲ့ ပြည်နယ် တိုင်းဒေသကြီးတွေမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်တဲ့ အခွင့်အရေးပါရှိတယ်ဆိုတာ ဝမ်းမြောက်မိပါတယ်။ ဒါကလည်း ကျနော်တို့ရဲ့ တဆင့်တက်ပြီးတော့ ပြည်ထောင်စု အနှစ်သာရပါတဲ့ စုဖွဲ့မှု တခုဖြစ်တဲ့ အတွက်ကြောင့် ကျေးဇူးတင်မိပါတယ် ” ဟု ဆွေးနွေးပွဲ အဖွင့်မိန့်ခွန်းတွင် ပြောသည်။

ပြည်နယ် ဖွဲ့စည်းပုံက ခန့်အပ်သည့် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားရုံး များကို ဖွဲ့စည်းပုံနဲ့အညီ ကျင့်သုံးနိုင်ပြီး ဥပဒေအရ ပေးအပ်ထားသည့် ပြည်နယ်တွင်း လုပ်ပိုင်ခွင့် အာဏာများကို ပြည်ထောင်စု အဆင့်က စွက်ဖက်၍ မရနိုင်ကြောင်း သိရသည်။

“ ကျနော်တို့က ရှမ်းပြည်နယ် အစိုးရကို သစ်ပင်တွေ ပြန်စိုက်ပါလားလို့ ပြောတော့ မရဘူး။ ပြည်ထောင်စုအဆင့် သစ်တောဝန်ကြီးကို မေးရဦးမယ်တဲ့။ အဲလို မရှင်းလင်းရင် တိုင်းပြည် မတိုးတက်တော့ဘူး။ ပြည်နယ်ရဲ့ လုပ်ပိုင်ခွင့် ရှင်းရှင်းလင်းလင်း ဖြစ်သွားရင် အဲဒါကို ပြည်ထောင်စုက ပြန်ရုတ်သိမ်းလို့ မရတော့ဘူး ”ဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။

ကိုယ်ပိုင်ပြဌာန်းခွင့်ကိစ္စ ဆွေးနွေးရာတွင် “ခွဲမထွက်ရ” ဆိုသည့် စာသားကို တပ်မတော်က ထည့်ခိုင်းကြောင်း၊ ခွဲမထွက်ရ ဆိုခြင်းသည် ပြည်ထောင်စု မပြိုကွဲရေးနှင့် အဓိပ္ပါယ်တူကြောင်း၊ တပ်မတော်က ဒိုတာဝန် အရေး ၃ ပါးကို စောင့်ရှောက်ချင်သည့် သဘောထားမျိုး ရှိကြောင်းလည်း UPDJC အစည်းအဝေး တက်ရောက်ခဲ့သူများက ပြောသည်။

“တိုင်းရင်းသားတွေ ပြောနေတဲ့ အမျိုးသား တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေး၊ အဲဒီ အခွင့်အရေး ၂ ရပ် အပြည့်အဝရတဲ့ ဖက်ဒရယ် ပြည်ထောင်စုဆိုရင်တော့ ခွဲသွားပါ မနေနဲ့တော့ ခွဲထုတ်ပါလို့ မောင်းထုတ်တာတောင် ဘယ်သူမှ မသွားဘူး”ဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။

တိုင်းပြည် နာမည်မှာလည်း ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံ ဖြစ်လာနိုင်ပြီး တပ်မတော်ကိုမူ ဖက်ဒရယ် အမည်တပ်ရန် ပြဿနာ ရှိနိုင်သဖြင့် ပြည်ထောင်စု တပ်မတော်ဟုပင် ခေါ်ဆိုနိုင်ကြောင်း လည်း ၎င်းက သုံးသပ်သည်။

ယနေ့ ဆွေးနွေးသည့် ခေါင်းစဉ်များအနက် ဆက်လက် ဆွေးနွေးရန် ဆုံးဖြတ်လိုက်သည့် ကိစ္စမှာ “နိုင်ငံရေးနှင့် ဘာသာရေး ရောယှက် ခြင်း မရှိစေရ”၊ “ ဘာသာရေးကို အခြေမခံသည့် နိုင်ငံတော် ဖြစ်စေရမည် ” စသည့် စာသားများကို ဆွေးနွေးရာတွင် ၂ ခါ ထပ်နေခြင်း၊ မကျေလည်ခြင်းများ ရှိနေသဖြင့် ချန်လှပ်ထားခဲ့ရသည်ဟု သိရသည်။

Link: https://www.irrawaddy.com/news/burma/ethnic-states-win-right-draft-constitutions.html

## ကချင် နှင့် “ဝ” အဖွဲ့ UNFC မှ နှုတ်ထွက်

DVB, 9 May 2017

ကချင်လွတ်မြောက်ရေးအဖွဲ့(KIO) နှင့် “ဝ” အမျိုးသားအစည်းအရုံး(WNO) တို့သည် တနိုင်ငံလုံးပစ်ခတ်တိုက်မှုရပ်စဲရေးစာချုပ်လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့ဖြင့် ဖွဲ့စည်းထားသော ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ နှုတ်ထွက်လိုက်ပြီဖြစ်သည်။

ဧပြီလ(၂၉)ရက်နေ့ လိပ်မူ၍ အတွင်းရေးမှူး လနန်းမှ လက်မှတ်ရေးထိုးထားသည့် နှုတ်ထွက်စာကို KIO မှ UNFC ထံသို့ တင်သွင်းခဲ့သည်ဟု ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအစည်းအရုံး(PNLO)မှ ဗိုလ်မှူးကြီးခွန်ဥက္ကာက DVB သို့ပြောခဲ့သည်။

ထို့အပြင် WNO ကလည်း UNFC မှနှုတ်ထွက်သည့်စာကို ယခုလအစောပိုင်းတွင် ပေးပို့ခဲ့သည်။

တနင်္လာနေ့ဖြစ်သောကြောင့် UNFC သည် ထိုကိစ္စနှင့်စပ်လျဉ်း၍ တရားဝင် ထုတ်ပြန်ကြေငြာခြင်း မရှိသေးပေ။

တိုင်းရင်းသားရေးရာ အကဲဖြတ်သုံးသပ်သူတစ်ဦးဖြစ်သူ မောင်မောင်စိုးက “ KIO က UNFC ကနေနှုတ်ထွက်တယ်ဆိုပေမယ့်လည်း ကျန်တဲ့အဖွဲ့ဝင်တွေအနေနဲ့ NCA ထိုးမလား၊ မထိုးဘူးလားဆိုတာတော့ အတိအကျ မသိရသေးပါဘူး” ဟုပြောခဲ့သည်။

အစိုးရမှ ပင်လုံညီလာခံအား မေလ(၂၄)ရက်နေ့မှစ၍ (၅)ရက်တာ ကျင်းပရန် ကြေငြာခဲ့သည်။

KIO နှင့် WNO ထွက်ပါက ကျန်ရှိသည့် UNFC အဖွဲ့ဝင်များမှာ SSPP ၊ မွန်ပြည်သစ်ပါတီ(NMSP) ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ၊ လားဟူဒီမိုကရက်တစ်ပါတီ(LDU)နှင့် ရခိုင်အမျိုးသားကောင်စီ(ANC)တို့ဖြစ်ကြသည်။

Link: http://www.dvb.no/news/kachin-wa-armies-cut-ties-unfc/75426

## ပြည်ထောင်စုငြိမ်းချမ်းရေးပင်လုံညီလာခံ၌ ကဏ္ဍကြီး(၅)ရပ်ရှိ အဓိကအချက်များအပေါ်တွင် သဘောတူညီမှုရရှိ

Mizzima, 26 May 2017



ဒုတိယအကြိမ်ကျင်းပသည့် ၂၁ ရာစုပင်လုံညီလာခံတွင် ကဏ္ဍကြီးငါးရပ်ကို ဆွေးနွေးခဲ့ကြပြီး ကဏ္ဍကြီး(၅)ရပ်ရှိ အဓိကအချက်များအပေါ်တွင် သဘောတူညီမှုရရှိခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာများ၌ မေလ ၂၆ ရက်နေ့တွင် ဖော်ပြခဲ့သည်။

နိုင်ငံရေး ၊ စီးပွားရေး၊ လူမှုရေး၊ မြေနှင့်သဘာဝသံယံဇာတ စသည့် ကဏ္ဍများနှင့်သက်ဆိုင်သည့် အကြောင်းအရာများမှ အချက်(၄၁)ချက်ကို အစိုးရ ၊ လွှတ်တော် ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်နိုင်ငံရေးပါတီများစသည်

တို့မှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သဘောတူညီခဲ့သည်ဟု UPDJC ပြောကြားခဲ့သည်။

ကျန်ရှိနေသည့် ကဏ္ဍ ၄ ရပ်မှလည်း ရလဒ်ကောင်းများထွက်ပေါ်လာကြောင်း ကိုယ်စားလှယ်များက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။ ရလဒ်များကို ၂၈ရက်နေ့ မေလတွင်ပြီးဆုံးမည့် ညီလာခံနောက်ဆုံးနေ့တွင် တင်သွင်းသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

Link: http://www.mizzima.com/news-domestic/union-peace-conference-achieves-agreement-majority-points-five-sectors

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

UNHCR The UN Refugee Agency